စိတ်ကူးချိုချိုအနုပညာ

# ပြောလေ မှားလေ ရယ်ရလေ

## လက်ရွေးစင်ဟာသများ

မောင်ခေတ်ထွန်း



# ပြောလေမှားလေ


"ဒီမိန်းကလေးကို ကြည့်စမ်း။ ဒီမိန်းကလေးဟာ ယောက်ျားကလေးဂျင်းဘောင်းဘီ၊ ယောက်ျားကလေး ရှပ်အင်္ကျီဝတ်ပြီး ဆံပင်ကိုယောက်ျားလေးဘိုကေအတိုင်း ညှပ်ထားတယ်။ ခင်ဗျား ဒီမိန်းကလေးကို မိန်းကလေးလို့ ထင်မလား"


"မှန်ပါတယ်၊ သူဟာ ကျွန်ုပ်ရဲ့ သမီးပါ"

"သြော်..ဟုတ်လား။ အားနာဖို့ ကောင်းလိုက်တာ။ ဝမ်းနည်းပါတယ်ခင်ဗျာ။ ဒီမိန်းကလေးရဲ့ အဖေမှန်း မသိလို့ ပါ။ ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"ကျွန်ုပ် သူ့ရဲ့ အဖေ မဟုတ်ပါဘူး။ အမေပါ"

*





## ဘယ်သူ့ကိုမှ မယုံနဲ့

အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ သားသည် သူ့ဖခင်၏ လုပ်ငန်းတွင် ပါဝင်ဆောင်ရန်အတွက် ဖခင်ဖြစ်သူက လုပ်ငန်းနှင့်ပတ်သက်သော သိသင့်သိထိုက်သည့် ကိစ္စရပ်များကို ရှင်းပြလေသည်။

ဖခင်ဖြစ်သူက သားအား -

"မင်းကို လုပ်ငန်းနဲ့ ပတ်သက်လို့ ပထမဆုံး သင်ခန်းစာကို ပေးမယ် ။ ကဲ…မင်း ခေါင်မိုးပေါ်တက်"ဟု ဆိုလေသည် ။

ထိုသို့ဖြင့် သားဖြစ်သူသည် ခေါင်မိုးပေါ်သို့ တက်သွားကာ ခေါင်မိုး ပေါ်တွင် မတ်တတ်ရပ် လိုက်လေသည် ။

ထိုအခါ ဖခင်က -

"ကဲ….သား အောက်ကိုခုန်ချပေတော့" ဟု ဆို လိုက်လေသည် ။

သားက -

"ဟာ….အဖေကလဲ၊ မြေကြီးနဲ့ ၁၀ မီတာလောက်မြင့်တာ ခုန်ချလို့ ဘယ်ဖြစ်ပ့ါမလဲ" ဟု ဆိုကာ ခုန်ချရင် ငြင်းလေသည် ။

"မင်းပဲ စီးပွားရေးလုပ်ငန်းထဲ ဝင်ချင်တယ်ဆို။ စီးပွားရေး လုပ်ငန်း အကြောင်း သိချင်တယ်ဆို" ဟု အဖေက ပြောဆိုလေရာ သားဖြစ်သူက "မှန်ပါတယ် အဖေ" ဟု ပြန်ဖြေသည် ။

"ကဲ…ဒါဖြင့် ငါ့ကိုယုံရင် ခုန်သာခုန်ချ။ ဘာမှ မဖြစ်ဘူး" ဟု ပြောဆို လေရာ သားဖြစ်သူသည် မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားပြီး ခြေကျိုးသွားလေသည် ။ လုပ်ငန်းရှင်ဖခင်ဖြစ်သူလည်း သားထံသို့ ပြေး သွားကာ -

"ကဲ…ငါ့သား၊ စီးပွားရေးလုပ်ငန်း လုပ်ရင် အရေးအကြီးဆုံး ပထမ ဆုံးသင်ခန်းစာကို မင်း အခုသင်ကြားပြီး သွားပြီ။ ဒါက ဘာလဲဆိုရင် စီး ပွားရေးလုပ်ငန်းမှာ ဘယ်သူ့ကိုမှ မယုံနဲ့ ဆိုတာပဲ " ဟု ပြောဆို လိုက် လေသည် ။

## သူပြောမှ လား

## ဘယ်သူ့ကိုမှ မယုံနဲ့

ဘော်ဘီ။။ငါဘယ်သူနဲ့ မဆို ယှဉ်ထိုးနိုင်တယ်။

ဟင်နရီ။။ငါ့အစ်ကိုနဲ့ တော့ ယှဉ်မထိုးနိုင်ပါဘူး။

ဘော်ဘီ။။ဘာလို့ မထိုးနိုင်ရမှာ လဲ ။ ထိုးနိုင်တာပေါ့။

ဟင်နရီ။။မင်းမထိုးနိုင်ပါဘူး။ ဘာဖြစ်လို့ လဲဆိုတော့ ငါ့မှာ အစ်ကို ဆိုလို့ တစ်ယောက်မှ တောင် မရှိတာ။

*

## သီချင်းဆိုတတ်တာ သိလို့ ပါ

ရဲသား။။မင်းဒီမှာ ရပ်ပြီး သီချင်းမဆိုရဘူး။

လူငယ်။။ဆရာကြီးဟာ ကျွန်တော်သီချင်းဆိုတတ်တယ်ဆိုတာ ပထမဆုံး အသိအမှတ်ပြုပေးတဲ့ သူဖြစ်လို့ ဆရာကြီးကို အထူးကျေးဇူးတင်ပါတယ်။

*

## မှတ်စုအရေးကောင်းလို့

အကျဉ်းသား။။ ခင်ဗျား ဘာလုပ်နေတာလဲ။

သတင်းထောက်။။မှတ်စုရေးနေတာပါ။

အကျဉ်းသား။။အင်း....ကျွန်ုပ်လည်း မှတ်စုအရေးကောင်းလို့ မှတ်စုရေးသားတာတွေကိုကြည့်ပြီး အမှုပေါ်သွားပြီး ဒီထောင်ထဲ ရောက်နေတာလေ။

*

## မှန် လိုက်လေ

အကျဉ်းထောင်လေ့လာရန် ရောက်ရှိလာသူက အကျဉ်းသားတစ်ဦးအား -

ဧည့်သည် ။။ခင်ဗျား အကျဉ်းထောင်က ထွက်လာရင် ဘယ်လိုလူစားမျိုး ဖြစ်မလဲ။

အကျဉ်းသား။။ လူအိုလူစားမျိုး ဖြစ်မှာ ပါ။

*

## သော့ခတ်ထားလို့ ပါ

ထောင်ထဲကို ဧည့်သည် တစ်ယောက် ရောက်လာရာထောင်သားတစ်ဦးအား -

ဧည့်သည် ။။ ခင်ဗျား ဒီထဲကို ဘာလို့ ရောက်နေတာလဲ။

ထောင်သား။။ သူတို့ က တံခါးတွေအားလုံးကို သော့တွေခတ်ထားလို့ လေ။

*

## ဘာထူးလို့ လဲ

အဘိုးအို။။ငှါတူရဲ့ ခွေးနာမည်က ဘာတဲ့ လဲ။

လူငယ်။ ။ ဂျင်ဂျာပါခင်ဗျာ။

အဘိုးအို။။ဂျင်ဂျာက ကိုက်တတ်လား။

လူငယ်။။ မကိုက်တတ်ပါဘူး။ ဂျင်ဂျာက ဟပ်ပဲ ဟပ်တတ်ပါတယ်။

*

## ငွေချေးမှာ စိုးလို့

ဂျုံး။။ စမစ်က ငါ့ဆီက ငွေ ၅ ပေါင်ချေးမလို့ တဲ့ ။ ငါသူ့ကို ချေးလိမ့်မယ်လို့ မင်းထင်သလား။

ဘရောင်း။။သိပ်ထင်တာပေါ့။

ဂျုံး။။ဘာဖြစ်လို့ လဲ။

ဘရောင်း။။ ဘာဖြစ်ရမလဲကွ။ မင်းက သူ့ကို ငွေမချေးလိုက်ရင် သူက ငါ့ဆီမှာ ငွေလာချေးမှာ ပေါ့ကွ။

*

## နာမည်မှ ည့်လို့ ပါ

ဖရန့်။။ငါ့ကို ငါ့မိဘတွေက ဖရန့်လို့ နာမည်မှ ည့်ခဲ့တာ ငါသိပ်ဝမ်းသာတယ်။

ဂျက်။။ ဘာဖြစ်လို့ ။

ဖရန့်။။အခု အဲဒီနာမည်နဲ့ ငါ့ကို လူတိုင်းက ခေါ်နေရပြီလေကွာ။

*

## စိတ်ချပါ

မိခင်။။သား....အိမ်ဘေးက လူငယ်ကို အမေသိပ်သဘောမကျဘူး။ ကျောင်းမှာ ဖြစ်နိုင်ရင် သူနဲ့ သား ဝေးဝေးထိုင်စေချင်တယ်။

သား။။ ဒါတော့ စိတ်ချ အမေ။ သူက စာတော်လို့ အတန်းထိပ်မှာ ချ

ည်း ထိုင်နေကျပါ။

*

## ငွေချေးပါလား

သား။။မေမေ...သားဘယ်လောက်တန်သလဲဟင်။

မိခင်။။အမေ့အတွက် တန်ဖိုးအလွန်ကြီးမားတဲ့ သားလေးပါကွယ်။ သိန်းသန်းထောင်သောင်းမက တန်ဖိုးကြီးမားတာပေါ့။

သား။။ဒါဆို သားကို အဲဒီထဲက ငါးပေါင်လောက် ချေးပါလားဟင်။

မိခင်။။ဟော...။

*

## ကြားရမသက်သာ

ဆရာဝန်။။သင် ပထမဆုံးကြားချင်တာ ကောင်းသတင်းလား၊ ဆိုးသတင်းလား။


လူနာ။။ ဆိုးသတင်းကို ပထမကြားချင်တယ်။

ဆရာဝန်။။ သင့်ခြေထောက်နှစ်ဖက်စလုံးကို ဖြတ်ရမယ်။

လူနာ။။ ဒါဖြင့် ကောင်းသတင်းကကော။

ဆရာဝန်။။ သင့်နောက်ခုတင်က လူနာက သင့်ဖိနပ်ကို ဝယ်ချင်လို့တဲ့ ။

*



## ထပ်မလုပ်နဲ့


တစ်ခါက ကုမ္ပဏီလုပ်ငန်းတစ်ခုတွင် အလုပ်လုပ်နေသော အမျိုးသမီးတစ်ဦးသည် ရုံးသို့ အချိန်နောက်ကျမှ ရောက်လာရာ -

အလုပ်ရှင် ။။ မင်းနောက်ကျလှချည်လား။

အမျိုးသမီး။။ ကျွန်မရုံးမှာ လက်ထပ်နေလို့ ပါ။

အလုပ်ရှင်။။ ကောင်းပြီ၊ ဒါမျိုး နောက်ထပ်မလုပ်နဲ့ ။

*



## အံ့သြမိပါရဲ့

အိမ်ရှင်။။မင်းရဲ့ ခွေးကို အိမ်ထဲခေါ်မလာနဲ့ ။ အိမ်ထဲမှာ ခွေးသန်း တွေနဲ့ ။

ခွေးရှင်။။ (အံ့သြစွာဖြင့်) ဟုတ်လား။ မင်းအခန်းထဲမှာ ခွေးသန်းတွေ ထားတာကိုတော့ ငါအံ့သြပါရဲ့ ။

*

## ပြီးမှ သိကြမှာ

မိခင်။။သား ပန်းချီဆွဲနေတာ ကြာလှချည်လား။ ဘယ်သူ့ပုံကို ရေးဆွဲ နေတာလဲ။

သား။။ဘုရားသခင်ပုံပါ။

မိခင်။။ သားရယ် ဘုရားသခင်ဟာ ဘာနဲ့ တူတယ်ဆိုတာ ဘယ်သူမှ မသိပါဘူး။

သား။။ သားဆွဲပြီးရင် သူတို့ သိကြမှာ ပါ။

*

## တစ်မျိုးပြီးတစ်မျိုး

မူလတန်းကျောင်းသားနှစ်ဦး ဆုံတွေ့ကြရာ -

ပထမကျောင်းသား။။ အခုရောက်လာတဲ့ သင်္ချာဆရာ အသစ်ဟာ တော်တော်ညံ့တဲ့ ဆရာလို့ ငါတော့ထင်တယ်။


ဒုတိယကျောင်းသား။။ ဘာဖြစ်လို့ လဲ။

ပထမကျောင်းသား။။ မင်းကြည့်လေ၊ မနေ့က သင်တုန်းက လေးနှင့် တစ် ပေါင်းရင် ငါးရတယ်ပြောတယ်။

ဒုတိယကျောင်းသား။။အေးလေ၊ အဲဒါမှန်သားပဲ။ ဘာမှားလို့ လဲ။

ပထမကျောင်းသား။။ မှားတာပေါ့ကွ။ ဒီနေ့ ဆရာကတစ်မျိုးပြန်ပြောပြန်တယ်ကွ၊ သုံးနဲ့ နှစ်ပေါင်းရင် ငါးတဲ့ ။

*




## အပြောချင်ဆုံးစကား

ဇနီး။။ ကျွန်မ အမေ့အိမ်ဆင်းတော့မလို့ ရှင်အပြောချင်ဆုံးစကား ပြောနိုင်တယ်။

ခင်ပွန်းသည် ။။ မင်းကို ခုချက်ချင်း ကားငှားပေးမယ်။

*

## တယ်မြန်ပါလား

မိတ်ဆွေအမျိုးသမီးနှစ်ဦး ဆုံကြရာ...

"ဒီအပတ်ဟာ ငါနဲ့ ငါ့ယောက်ျား ကွာရှင်းပြတ်စဲဖို့ ပထမအဆင့် စတဲ့ ရက်တွေပဲ"

"မင်း ရှေ့နေဆီ အရင်သွားပြီး မဆွေးနွေးတော့ဘူးလား"

“ဆွေးနွေးစရာ မလိုတော့ဘူး။ ငါနဲ့ ရှေ့နေ လက်ထပ်ပြီးပြီ”

*

## သူ့စေတနာ

ဇနီး။။ ကျွန်မကို ရှင်ချစ်သလား။

ခင်ပွန်းသည် ။။ သိပ်ချစ်တာပေါ့ မင်းကြောင့် ငါသေလိမ့်မယ်။

ဇနီး။။ ရှင် ဒီစကားမျိုး အမြဲသာပြောပြီး သေလည်း မသေပါကလား ။

*




## တန်အောင်လို့ ပါ

တစ်နေ့ သွားနာနေသူတစ်ဦးသည် သွားဆရာဝန်တစ်ဦးထံတွင် သွားတစ်ချောင်းနုတ်လေရာ သွားမနုတ်မီ မေးမြန်းလိုက်သည် မှာ -

သွားနာလူနာ။။ သွားနုတ်ခ ဘယ်လောက်ပါလဲ။

သွားဆရာဝန်။။ ငါးဒေါ်လာ ကျပါတယ်။

သွားနာလူနာ။။ သွားနုတ်တာ တစ်မိနစ်လောက်ပဲ ကြာတာ ငါးဒေါ်လာတောင် ကျရသလား။

သွားဆရာဝန်။ ။ ခင်ဗျားမတန်ဘူးလို့ ထင်ရင် ဆယ်မိနစ်ကြာအောင် သွားကို နုတ်ပေးပါ့မယ်။

*

## ညှံ့တဲ့ အချိန်

သူငယ်ချင်းနှစ်ဦး ဆုံကြရာ -

ပထမသူငယ်ချင်း။ ။ သုံးအပေါင်းသုံး ညီမျှခြင်း ခုနစ်၊ ဘယ်အချိန်ဖြစ်သလဲ။ ဖြေနိုင်မလား။

ဒုတိယသူငယ်ချင်း။ ။ မင်းသင်္ချာညှံ့တဲ့ အချိန်ပေါ့။

*

## ဖြေရှင်းမှ ပိုဆိုး

တရားသူကြီး။ ။ မောင်မင်း အပြစ်ကို မောင်မင်းဝန်ခံရမယ်။ ဒီလူက မောင်မင်း သူ့အိမ်ကို ဖောက်ထွင်းတဲ့ သူဆိုတာကို မှတ်မိနေတယ်။

ဖောက်ထွင်းသူခိုး။ ။တရားသူကြီးမင်းခင်ဗျား ...သူက ကျွန်တော့်ကို မှတ်မိနေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင်သူဟာ တစ်ချိန်လုံး စောင်အောက်မှာ ပုန်းနေလို့ ပါ။

*

## စောထွက်လို့ ပါ

ပထမအကျဉ်းသား။ ။ မင်း...ထောင်ဘယ်နှစ်ကျသလဲ။

ဒုတိယအကျဉ်းသား။ ။ ၁၀ နှစ်ကျပါတယ်။

ပထမအကျဉ်းသား။ ။ ငါက အနှစ် ၂၀ ကျတယ်။ ဒါကြောင့် မင်း

ထောင်ကထွက်ရင် ဟောဒီစလေးကို ငါ့မိန်းမဆီ ပို့ပေးပါကွာ။

*

## အကျဉ်းသားထွက်ပြေးခြင်း မဟုတ်ပါ

ရဲကြပ်ကြီး။။မင်းလက်ထဲကနေ အကျဉ်းသား ဘယ်လိုလွတ်သွားတာလဲ။

ရဲသား။။ အကျဉ်းသားက ထွက်ပြေးသွားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရဲစခန်းကို လာတဲ့ လမ်းမှာ နွားသိုးကြီးက ဒေါသတကြီးနဲ့ ကျွန်တော်တို့ ကို လိုက်လို့ အသက်လုပြေးခဲ့ရတာပါ။ အကျဉ်းသားကတော့ ကျွန်တော်တို့လို ထွက်မပြေးပါဘူး။ နေရာမှာ တင် ရပ်နေခဲ့တာပါ။

*

## မယုံကြည်ရင် မလိမ်လည်ပါ

တရားသူကြီး။။မောင်မင်းကို ယုံကြည်တဲ့ လူတွေဆီက ငွေကို ဘယ်လိုလိမ်လည်ယူခဲ့သလဲ။

အကျဉ်းသား။။ တရားသူကြီးမင်း ခင်ဗျား…တရားသူကြီးမင်းကို မယုံကြည်သူတွေက တရားသူကြီးမင်းဆီက ငွေကို လိမ်လည်ယူမှာ မဟုတ်ပါဘူး။

*

## အမှားများကြလို့ ပါ


သား။။ မေမေ…ဒီမှာ ကြည့် သား ဆရာမဆီက စာအုပ်တစ်အုပ်ဆုရခဲ့တယ်။ ရေခဲငှက်မှာ ခြေထောက်သုံးချောင်းရှိတယ် ဖြေလို့ ဆရာမက

သားကို ဆုချလိုက်တာလေ။

မိခင်။ ။ ရေခဲငှက်မှာ ခြေထောက်နှစ်ချောင်းပဲ ရှိတာပဲ သားရဲ့ ။

သား။။မှန်ပါတယ် အမေ။ တခြားကျောင်းသားတွေက ရေခဲငှက်မှာ ခြေလေးချောင်း ရှိတယ်လို့ ပိုမှားဖြေကြလို့ ပါ။

*




## အဖေ့ကြောင့်

ဖခင်။။သား ...ဒီနေ့ကျောင်းမှာ ဘာတွေသင်ကြားခဲ့ရသလဲ။

သား။။ အဖေ့တွက်ပေးလိုက်တဲ့ မှားတဲ့ သင်္ချာတွေအားလုံးကို သင်ခဲ့ရတယ် အဖေ။

*



## ကြည့်မရလို့

လူနာ။ ။ ကျွန်မ အအေးမိနေလို့ ပါ။

ဆရာဝန်။ ။ ဒါဖြင့် ခင်ဗျား ပြတင်းပေါက်က ခေါင်းပြူထွက်ပြီး လျှာထုတ်နေပါ။

လူနာ။ ။အဲဒီလုပ်ရင် အအေးမိတာ ပျောက်ပြီပေါ့နော်။

ဆရာဝန်။ ။ မပျောက်ဘူး။ ကျုပ်အိမ်ရှေ့အိမ်ကလူကို ကြည့်မရလို့ ပါ
။

*

## မပြောထားလို့

ပထမကလေး။ ။ မင်းခွေးနာမည် ဘယ်လိုခေါ်သလဲ။

ဒုတိယကလေး။ ။ ခွေးက သူ့နာမည်မပြောထားလို့ ငါမသိဘူး။

*

## အမေ့စကားနားထောင်တဲ့ သား

မူလတန်းတွင် ပထမဆုံးအကြိမ် ကျောင်းလာတက်သည့် ကလေးငယ်များ သည် ပထမနေ့ စာသင်ချိန်ပြီးဆုံးသွားရာ အိမ်အသီးသီးသို့ ပြန်သွားကြလေသည် ။ သို့သော် ထိုကလေးများ အနက်မှ ကလေးတစ်ယောက်သည် ကစားကွင်းထဲတွင် ဆော့ကစားလျက်ရှိရာ ဆရာမက ကလေးအား -

ဆရာမ။ ။ သား ...အိမ်ကို မပြန်သေးပါလား။

ကလေး။ ။ အိမ်ကိုပြန်လို့ မဖြစ်ဘူးဆရာမ။ မေမေက သားသားကို အသက် ဆယ့်ရှစ်နှစ်ထိ နေရမယ်လို့ ပြောထားပါတယ်။

*

## မေ့သွားမှာ စိုးလို့

လူနာ။ ။ ဆရာ...ကျွန်တော် မှတ်ဉာဏ်အား သိပ်နည်းနေတယ် ဆရာ။ အရာရာကို သိပ်မေ့တာပဲ။

ဆရာဝန်။ ။ သြော်...ခင်ဗျားက မေ့တတ်သူကိုး။ ခင်ဗျား မမေ့ခင် ကျွန်တော့်ဆေးကုခလေးတော့ အရင်ပေးခဲ့ပါဦး။

*



## သူပြောမှ လား

မောင်ဘ။ မင်း လက်ဖက်ရည်သောက်ရင် လက်ဖက်ရည်ပန်းကန်ကို လက်ယာလက်နဲ့ မွှေသလား။

မောင်ဝ။ အေးလေ၊ လက်ယာလက်နဲ့ မွှေတာပေါ့။

မောင်ဘ။ လူတွေအားလုံးကတော့ ဇွန်းနဲ့ မွှေတယ်ကွ။

*



## အဖြေကမလွယ်

ဆရာ။။ ငါ့တပည့်…မေးခွန်းက ခက်နေလို့ လား။

တပည့်။။ မေးခွန်းက လွယ်ပါတယ်။ အဖြေကသာ ခက်နေလို့ ပါ ဆရာ။

*

## အကောင်းဆုံးကြိုးစားနေထိုင်ပါ

တရားသူကြီး။။မောင်မင်းရဲ့ ပြစ်မှုအတွက် မောင်မင်းကို ထောင်ဒဏ်နှစ်တစ်ရာ ချမှတ်လိုက်တယ်။

တရားခံ။။ ကျွန်တော်မျိုး ထောင်ဒဏ်ကို ပြီးဆုံးအောင်တောင် ခံနိုင်မှာ မဟုတ်ပါဘူး။

တရားသူကြီး။။ မပူပါနဲ့ အကောင်းဆုံးနေနိုင်အောင်သာ ကြိုးစားပါ

*

## ဘာထူးလို့ လဲ

တွမ်။။ ရေနွေးပူထဲမှာ ငါ့လက် အပူလောင်သွားလို့ ။

တင်။။ မင်း ရေနွေးပူထဲ လက်မထည့်မိခင် အဲဒီရေကို လက်နဲ့ အရင်မစမ်းကြည့်ဘူးလား။

*

## ကျီစားလို့ ပါ

ဆရာမ။။ မင်းမှာ ကျောက်ဂေါ်လီလုံး ၅ လုံးရှိပြီး ဒင်နီက မင်းကို ၅

လုံးပေးမယ်ဆိုရင် မင်းမှာ ကျောက်ဂေါ်လီ ဘယ်နှလုံးရှိမလဲ။

တပည့်။။ ငါးလုံးပဲ ရှိမှာ ပါ ဆရာမ။ ဘာ့ကြောင့်လဲဆိုရင် ဒင်နီက အကျီစားသန်တဲ့ သူပါ။ သူကပြောတဲ့ အတိုင်း ပေးတာ မဟုတ်ပါဘူး။

*

## ဆုပေးမယ်ဆိုလို့ ပါ

မိခင်။။သား...ဒီနေ့ တစ်နေ့လုံး မဆော့ဘဲ ကောင်းကောင်း နေတဲ့ အတွက် ဆုအဖြစ် သားမနက်ဖြန်မှာ ဘာလုပ်ချင်သလဲပြော။

သား။။ သား မနက်ဖြန်မှာ ဆော့ကစားချင်ပါတယ်။

*

## ဒေါ့ကြောင့်ကိုး

ဖခင်။။(ဒေါသတကြီးဖြင့်) ဒီအသစ်ဝယ်လာတဲ့ လွှဟာ အလကားပဲ။ အတုံးကြီး၊ ထောပတ်ခဲကိုတောင် ဖြတ်လို့ မရဘူး။

သား။။ဖြတ်လို့ ရပါတယ် အဖေ။ ကျွန်တော်တောင် ဒီမနက်ပဲ အဲဒီ လွှနဲ့ အုတ်ခဲကို နှစ်ပိုင်းဖြတ်ပြီးသွားပြီ။

*

## အကြောင်းရင်းမှန်

ဆရာမ။။ ဒီအခန်းထဲမှာ ချမ်းလည်း မချမ်းဘဲနဲ့ မင်းဘာလို့ တဆတ် ဆတ်တုန်နေတာလဲ။

တပည့်။။ ကျွန်တော့်အဖြေလွှာပေါ်မှာ သုညရနေလို့ ပါ ဆရာမ။

*



## မှားပါပေ့

တစ်နေ့ လူငယ်နှစ်ဦးဆုံရာ -

ပထမလူငယ်။။ငါတို့ မိသားစုမှာ ငါတို့ ညီအစ်ကို ၁၀ ယောက်နဲ့ ညီမလေးတစ်ယောက်စီ ကိုယ်စီရှိကြတယ်။

ဒုတိယလူငယ်။။ ဒါဖြင့် မင်းတို့ မိသားစုက ကြီးလှချည့်လား။ ညီအစ်ကိုမောင်နှမ အယောက် ၂၀ ကြီးများ တောင်။

ပထမလူငယ်။။ မဟုတ်ဘူး ။ ၁၁ ယောက်ပဲ ရှိတယ်။ ညီမလေးက တစ်ယောက်တည်းရယ်။

*

## လူနာကလေး

လူနာ။။ ဆရာ...ဆရာ...ကျွန်တော် ငယ်ငယ်လာတယ်လို့ ထင်တယ်။

ဆရာဝန်။။ ဒါဖြင့် ခင်ဗျားဟာ လူနာကလေးဖြစ်သွားပြီ။

*

## ရှင်းပါပေ့

ခရီးသွားဧည့်သည် ။။ဒီအရိုးဟာ ဘယ်သူ့အရိုးလဲ။ ပြောပြပါလား။

ဧည့်သည် လမ်းညွှန်။။ ဒါလား။ အဲဒါ ဝီလျံရှိတ်စပီးယားရဲ့ အရိုးလေ ။

ခရီးသွားဧည့်သည် ။။ အဲဒီအရိုးဘေးနားက အရိုးကလေးကကော။

ဧည့်သည် လမ်းညွှန်။။ အဲဒါ ဝီလျံရှိတ်စပီးယားငယ်ငယ်က အရိုးလေ။

*

## ဒီလိုဆိုတော့လည်း

ကျောင်းသားလူငယ်နှစ်ဦးသည် အလွန်ဈေးကြီးသော ကော်ဖီဆိုင်သို့ဝင်ကာ ကော်ဖီသောက်ကြလေသည် ။ သူတို့ သည် ကျောင်းလွယ်အိတ်ထဲတွင် ထည့်ထားသော အစာညှပ်ပေါင်မုန့်များကို အသီးသီးထုတ်ယူကြသော စတင်စားကြလေသည် ။ ထိုအခါ သူတို့ စားနေကြသည် ကို စားပွဲထိုးက မြင်သွားကာ သူတို့ ထံသို့ ရောက်ရှိ လာပြီး -

“ဟေ့…ဟေ့ …ဒီဆိုင်မှာ ကိုယ်ပိုင်အစားအစာတွေ မစားရဘူး” ဟု တားမြစ်လေသည် ။

စားပွဲထိုး၏ စကားကို ကြားသော် ကျောင်းသားလူငယ်နှစ်ဦးလည်း သူတို့ လက်ထဲတွင် ကိုင်ကာ စားနေကြသော အစာညှပ်ပေါင်မုန့်များကို တစ်ဦးနှင့်တစ်ဦး လဲလှယ်လိုက်ကာ ပြန်လည် စားနေကြလေတော့သည် ။

*

## ဘယ့်နှယ်လုပ်မလဲ

တစ်ခါက ရုပ်ဆိုးသည့် ကမ္ဘာကျော်စာရေးဆရာကြီး သားနတ်ဒ်ရှော နှင့် ရုပ်ရှင်မင်းသမီးချော တစ်ဦး ဆုံတွေ့ကြရာ -

မင်းသမီး။ ။ မစ္စတာရှော...ရှင့်ကို ကျွန်မ လက်ထပ်ချင်တယ်။ ရှင်နဲ့ ကျွန်မ လက်ထပ်ချင်တယ်။ ရှင်နဲ့ ကျွန်မ လက်ထပ်ပြီး ရှင့်ဦးနှောက်နဲ့ ကျွန်မ အလှပေါင်းစပ်ပြီးတာနဲ့ ရုပ်ရည်ချောမောပြီး ဉာဏ်ရည်သိပ်ကောင်းတဲ့ ကလေးတစ်ယောက် မွေးရအောင်လား။

ဘားနတ်ဒ်ရှော။ ။ဒီမယ် မင်းသမီး၊ မင်းတွေးထင်သလို မဟုတ်ဘဲ မင်းဦးနှောက်နဲ့ ငါ့ရုပ်ရည်အဆင်းရှိတဲ့ ကလေးလေး မွေးလာရင် ဘယ့်နှယ်လုပ်မလဲ။

*

# ကြွားချင်ဦး

သူငယ်ချင်းနှစ်ယောက် တွေ့ကြရာ -

ပထမသူငယ်ချင်း။ ။ ငါတို့ မိသားစုတွေအားလုံး ဂီတသမား၊ အတီးအမှုတ်သမားတွေချည်းပဲ။ အဖေက တယောထိုးတယ်။ အမေက စန္ဒရားတီးတယ်။ ညီမကလည်း တယော(အကြီးစား) ထိုးပြီး ငါက ပလွေမှုတ်တယ်။ လာမယ့် စနေနေ့ညနေမှာ ဂီတနဲ့ သံစုံတွေနဲ့ ဖြေဖျော်ပေးမယ်။

ဒုတိယသူငယ်ချင်း။ ။ဟာ...အံ့ဩစရာပဲ။ ငါတို့ မိသားစု အကြောင်းလည်း မင်းကို ပြောရဦးမယ်။ ငါ့အဖေက ဟဲဗီးဝိတ် လက်ဝှေ့သမား၊ ညီမက ကရာတေးဆရာမ၊ အစ်ကိုက ကွန်ဖူးနည်းပြဆရာဖြစ်ပြီး ငါက နပန်းသမားဖြစ်တယ်။ အဲဒီနေ့မှာ မင်းတို့ ဂီတသမားတွေကို ငါတို့ ရဲ့ ပညာတွေနဲ့ ပြန်ပြီးပြုစုရတာပေါ့ကွာ။

*




## ဘယ်လိုဖွင့်သလဲ

မိန်းကလေးငယ်။။မျောက်တွေ ဘာစားသလဲ မေမေ။

မိခင်။။သစ်သီးစားတာပေါ့ သမီးရဲ့ ။

မိန်းကလေးငယ်။။ဒါဖြင့် သူတို့ သစ်သီးသံဘူးတွေကို ဘယ်လို ဖွင့်တာလဲဟင်။

*

## ကောင်းလိုက်တဲ့ မှတ်ဉာဏ်

ဆရာဝန်။။ ခင်ဗျားကို မှတ်ဉာဏ်ကောင်းဖို့ ပေးထားတဲ့ ဆေးပြားတွေကို သောက်ခိုင်းထားတာ ဘယ်လိုအခြေအနေရှိသလဲ။

လူနာ။။ဘာဆေးပြားတွေလဲ ...ဆရာ။

*

## ကောင်းသတင်းတဲ့

ဆရာဝန်။။ခင်ဗျား ပထမဆုံး ကောင်းသတင်းကို ကြားချင်သလား၊

ဆိုးသတင်းကို ကြားချင်သလား။


လူနာ။။ကျွန်တော် ကောင်းတဲ့ သတင်းပဲ ကြားချင်ပါတယ်။

ဆရာဝန်။။ ခင်ဗျား သုံးပတ်လောက်ပဲ အသက်ရှင်နေတော့မယ်။

လူနာ။။ ဒါကောင်းသတင်းဆိုရင် ဆိုးတဲ့ သတင်းကကော ။

ဆရာဝန်။။အမှန်တကယ်က ခင်ဗျားနှစ်ပတ်ပဲ နေရမှာ ပါ။

*



## မထားခဲ့ပါဘူး

တစ်ခါက လေယာဉ်စီးရန် အလွန်ကြောက်သော အမျိုးသမီးကြီးတစ်ယောက်သည် လေယာဉ်ဖြင့် စီးနင်းလိုက်ပါလာခဲ့လေသည် ။ လမ်းခရီးတွင် အမျိုးသမီးကြီးက လေယာဉ်မောင်းသမားအား -

အမျိုးသမီးကြီး ။။(စိုးရိမ်ကြီးစွာဖြင့်) လေယာဉ်မှူးကြီးရယ်...ကျွန်မတို့ ကို ချောချောမောမောနဲ့ ပို့ဆောင်ပေးမှာ သေချာပါတယ်နော်။

လေယာဉ်မောင်းသမား။။ မပူပါနဲ့ ခင်ဗျာ။ ကျွန်တော် ဘယ်ခရီးသည် ကိုမှ ကောင်းကင်ပေါ်မှာ မထားခဲ့ပါဘူး။

*

## မှန် လိုက်လေ

မေး။။ ကြီးမားတဲ့ ထီးကြီးတစ်ချောင်းအောက်မှာ မိန်းကလေး ၁၀ ယောက်ဟာ မိုးမစိုလဲရှိနေတာ ဘာကြောင့်လဲ။

ဖြေ။။ မိုးမရွာလို့ ပါ။

*

## အမေက မေ့သွားလို့ ပါ

ဆရာက သူ့တပည့်ကျောင်းသားအား လက်ကိုင်ပဝါတွင် အလုံးက လေးထုံးထားသည် ကို မြင်ရာ -

ဆရာ။။မင်းရဲ့ လက်ကိုင်ပဝါမှာ ဘာလို့ အထုံးကလေးထုံးထားတာ လဲ။

ကျောင်းသား။။ ကျွန်တော့်ကို အမေက ကျွန်တော်စာထည့်ဖို့ မမေ့ အောင် ထုံးပေးလိုက်တာပါ။

ဆရာ။။ဒါဖြင့်...မင်း အခုစာထည့်ပြီးပြီလား။

ကျောင်းသား။။အမေက မေ့ပြီး စာမပေးလိုက်လို့ မထည့်ရသေးပါ ဘူး။

*